စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ပုဂံလက်သစ်နှင့် ပုဂံအနုပညာတန်ဖိုးထိန်းရန်

# DEFACING OLD BAGAN & DEPRECIATION OF BAGAN ART

Dr. Than Tun

ဒေါက်တာသန်းထွန်း



mgyoe.com

mgyoe.com



# ပုဂံလက်သစ်နှင့်
# ပုဂံအနုပညာတန်ဖိုးထိန်းရန်

# DEFACING OLD BAGAN & DEPRECIATION OF BAGAN ART

Dr. Than Tun

ဒေါက်တာသန်းထွန်း

DTH0022
2,000.00 KS
mgyoe.com

ပုဂံလက်သစ်နှင့်ပုဂံအနုပညာတန်ဖိုးထိန်းရန်၊ ဒေါက်တာသန်းထွန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၄၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀ .၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပထမအကြိမ်ပြန်လည်စီစဉ်ထုတ်ဝေခြင်း၊ အုပ်ရေ ၅၀၀၊
(ပုဂံလက်သစ်နှင့်အခြားစာတမ်းများစာအုပ် မှ
ဒေါက်တာသန်းထွန်း၏ ဆောင်းပါး ၂ ပုဒ်/ မြန်မာ-အင်္ဂလိပ်)

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုဂံလက်သစ်နှင့် ပုဂံအနုပညာတန်ဖိုးထိန်းရန်

# DEFACING OLD BAGAN & DEPRECIATION OF BAGAN ART

**Dr. Than Tun**

ဒေါက်တာသန်းထွန်း

မြန်လည်စိစဉ်ထုတ်ဝေခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


၁။ ပုဂံလက်သစ် ၁

**DEFACING OLD BAGAN** ၃၅

၂။ ပုဂံ အနုပညာတန်ဖိုးထိန်းရန် ၆၉

**DEPRECIATION OF BAGAN ART** ၁၁၃


၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပုဂံလက်သစ် [၁]

ပုဂံကို ဘယ်သူတည်သလဲလို့မေးရင် ဖြေဖို့မလွယ်ပါ။ ဘယ်သူဖျက်သလဲ မေးရင် ခြေရာလမ်းစရှာပြီး ဖြေဖို့ မခက်လှပါ။ လွယ်လွယ်ပဲ ၁၃ ရာစုနှစ်နှောင်းက မွန်ဂို ကျူးကျော်သူလို့ ပြောကြမယ်။ ရှင်ဘုရင် ပုဂံက ၂၂ စက်တင်ဘာ ၁၃၆၁ ထွက်သွားလို့ ဝင်လာတဲ့ ရှမ်းလို့ ပြောချင် ပြောမယ်၊ နောက်ထပ်လည်း ၁၄၄၂၊ ၁၄၄၄၊ ၁၄၅၆ ရောက်လာတဲ့ ရှမ်းလို့လည်း ပြောမယ်၊ ပုဂံ ဂူနီရုံမင်စာအရ အမျိုးသားဌာပနာတိုက်ဖောက်သူတွေရဲ့ ၁၄ ဇန်နဝါရီ ၁၅၇၅။ ၁၇ ဧပြီ ၁၇၅၉ နဲ့ ၂ ဒီဇင်ဘာ ၁၇၇၀ မှာ ဖျက်ဆီးခဲ့တဲ့ လက်ချက်လို့ပြောလည်း ဖြစ်တာပဲ။ ဥရောပ နာမည်ရ ပြတိုက်ကြီးတွေအတွက် ရှေးပစ္စည်း ခွတ်ရှာတဲ့ နိုင်ငံခြားသားတွေ ၁၃ ဧပြီ ၁၈၉၁ က တစ်ကြိမ်။ ၁၈ မတ် ၁၈၉၉ က တစ်ကြိမ် အကြီးအကျယ် မွှေနှောက်ရှာဖွေဖျက်ဆီးလုယူသွားလို့ ဆိုတာမျိုးလည်း ပြောကြပါတယ်။ မီးအကြီးအကျယ် ခရစ်နှစ် ၁၂၂၅ ခု (ပုံ ၁၂ က၊ ၂) မှာ လောင်လို့၊ ၁၉ ဇူလိုင်၊ ၁၃၃၁ က ရေကြီးလို့၊ ဒုတိယစည်သူ ၁၁၆၉–၁၂၁၁ လက်ထက် ငလျင်ကြီး၊

---

၁။ Defacing Old Bagan (အင်္ဂလိပ်ဘာသာ)စာတမ်းကို ပုဂံ အာနန္ဒာအနောက်စောင်းတန်းတွင် ၂၆ ဖေဖော်ဝါရီ ၁၉၉၅ တွင် တစ်ကြိမ်ဖတ်သည်။ နောက် ၂၁ မတ် ၁၉၉၅ တွင် ရန်ကုန်တက္ကသိုလ်၊ အမရဆောင်တက္ကသိုလ်များ၊ သမိုင်းသုတေသနဗဟိုတွင် ဒုတိယအကြိမ် ဖတ်သည်။ မြန်မာပြန်၍ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် ဦးသန်းထွတ်(တိုက်စိုး)ကို သဘာပတိတင်လျက် ၂ အောက်တိုဘာ ၁၉၉၅ တွင် ဖတ်သည်။

mgyoe.com

၂၅ နိုဝင်ဘာ ၁၃၇၂ လျောင်၊ ၂၂ မတ် ၁၈၃၉ လျောင်၊ ၁၆ ဇူလိုင် ၁၉၅၆ လျောင်၊ ၈ ဇူလိုင် ၁၉၇၅ လျောင်တွေကြောင့်လို့ ပြောရင်လည်း ဟုတ်တာပဲ။ ညောင်ပင်ဖျက်လို့ ဘုရားပြိုတယ်၊ နှစ်ရှစ်ရာ ကိုးရာရှိပြီပဲ၊ တစ်နှစ် မိုးရေချိန် လက်မ ၃၀ ပြည့်အောင်တောင် မရွာပေမဲ့ နည်းနည်း မိုးစိမ့်တယ်ဆိုရင် ဘုရားအိုးတွေ ပြိုကျကုန်ရောလို့ ပြောတာလည်း ရှိပါတယ်။ အကုန် ဟုတ်တာချည်းပါပဲ။ အဆောက်အဦဖျက်တဲ့ ညောင်ပင် (Ficus) အမျိုးမျိုး ရှိပါတယ်။ ပြည်ညောင် (Ficus Bengalenisi)၊ ညောင်ဗောဓိ (Ficus Religosa)၊ ညောင်ကြတ် (Ficus Obtasifolia) ဆိုတဲ့ ညောင်ပင်တွေဟာ အဆောက်အအုံကို ဖျက်ဆီးတဲ့နေရာမှာ ကြောက်လန့်စရာ ကောင်းပါတယ်။ ဆရာတော်တစ်ပါးက ၁၇ ရာစုနှစ်မှာ "စေတီမှန်းထား မြတ်ဘုရား တည်ထားကောင်းလျက် ညောင်ပင်ဖျက်သည်" (တောင်ဘီလာ "ပျက်စု နှစ်ဆယ်သံပေါက် မြန်မာစာ ညွှန့်ပေါင်းကျမ်း၊ ဒု၊ ၁၉၉၂၊ စာ ၆၃–၆၄၊ အမှတ် ၁) လို့ သံပေါက် စပ်ခဲ့ပါတယ်။ အမိုး၊ နံရံတစ်ခုခုမှာ ကွဲအက်နေလို့ ညောင်ပင် ကပ်ပေါက်ပြီဆိုရင် တဖြည်းဖြည်း ကွဲကြောင်းကျယ်လာပြီး အဆောက်အဦ ပြိုကျဖို့ပဲ ရှိတယ်။ အရင်က ညောင်မြစ်ကို ကုန်စင်အောင် ထုတ်မပစ်နိုင်ပါ။ အခု ပုဂံ ရှေးဟောင်းသုတေသနဌာန ရုံးခွဲက ဇင့် စီလီကော ဖရိုရိုဒ်အက်ဆစ် (Zinc Silicoflouride Acid) ခေါ်တဲ့ သိပ်ပြင်းထန်တဲ့ အဆိပ်ရည် (Arsenic) ကို သုံးတော့မှ ဒီအန္တရာယ်ကို နှိမ်နင်းနိုင်ပါတော့တယ်။ အခုပြောခဲ့တဲ့ သဘာဝအန္တရာယ်တွေက ရှေးပစ္စည်းကို ဖျက်သလိုပဲ ရတနာသုံးပါးကို သိပ်ပြီး ရိုသေကိုင်းရှိုင်းတဲ့လူနဲ့ ရဟန်းတွေကလည်း ကျောင်းဘုရား ပျက်ရင် ပြင်မယ်၊ အားလုံး ရွှေနဲ့ဝင်းပြီး စိန်ကျောက်နဲ့ တောက်ပြောင်နေမှ ကြိုက်တယ်ဆိုပြီး အဟောင်းတွေ ဖယ်ရှားတယ်၊ ရွှေဇဝါ ရေးတယ်၊ အပြောက်အမွှမ်း ခြယ်တယ်၊ အဖိုးတန်တဲ့ ထီး တင်တယ်။ ရှေးက စေတီထိပ်နဲ့ အခု ပန်းတောင်းခေါ်တဲ့ သိခရထိပ်မှာ အထွတ်ပဲ ရှိတယ်။ ထီး မရှိဘူး။ အထွတ်ဆိုတာ ဝါရီသျှူဿလ ဆိုတဲ့ မိုးရေမဝင်အောင် ပိတ်ဖုံးထားတဲ့ ထပ်ဆို့ ဖြစ်ပါတယ်။ အခုအခါမှာ "ဘုရားဂေါပက" ဆိုသူတွေဟာ အလှူခံကောင်းတယ်။ အလှူများများရရင် ဘုရား

mgyoe.com


ကို အသစ်ဖြစ်အောင် "မွမ်းမံ"မယ်။ မူလလက်ရာမပျက် လုပ်ရကောင်းတယ်လို့ နည်းနည်းမှ မသိဘူး။ သူတို့အဖို့ လက်ရာမပျက်လုပ်ဖို့ မလိုပါဘူး။ ရှေးက ခုလောက်ကောင်းအောင် လုပ်တတ်တာမှ မဟုတ်ဘဲလို့ ပြောမှာ သေချာတယ်။ ဒီအဓိပ္ပာယ်မျိုး ပြောတာကို ပြနိုင်စရာ ပုဂံ စလေ ခင်မွန်ဆိုတဲ့ နေရာတွေက ကူးထားတဲ့ နံရံမင်စာတွေ အများကြီး ရှိပါတယ်။ ရှေးဟောင်းသုတေသနဌာနက ၂၆ မေ ၁၉၅၈ မှာ မင်စာ ကူးယူစုဆောင်းဖို့ ပုဂံကို အမှုထမ်းတစ်ဦး စေလွှတ်ခဲ့ပါတယ်။ မြန်မာသမိုင်းအဖွဲ့က ၇ ဖေဖော်ဝါရီ ၁၉၆၂ မှာ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပြီး စာကူးရုံမျှမက မင်စာတွေကို စနစ်တကျ ဓာတ်ပုံရိုက်ပါတယ်။ သူတို့လုပ်ငန်း လျာထားချက် ပြီးလောက်အလုပ်အောင်မြင်ခဲ့ပေမဲ့ အကြောင်းတစ်မျိုးမျိုးကြောင့် လေ့လာချင်သူတွေကို နံရံမင်စာ ဓာတ်ပုံတွေ ထုတ်မပြနိုင်ပါ။ ဒီစာတမ်းကို ရေးဖို့ ရှေးဟောင်းသုတေသနရုံးက စုဆောင်းထားတဲ့ မင်စာတွေ၊ ဦးသောဘိတ ထားရစ်တဲ့ မှတ်စုတွေနဲ့ ကျွန်တော်ကိုယ်တိုင် အနှစ်လေးဆယ်အတွင်း ပုဂံကိုရောက်တိုင်း ရေးမှတ်ခဲ့တဲ့ မှတ်စုတွေရယ် ပေါင်းပြီး လူတွေ အမှတ်မထင် ရှေးပုဂံကို ဖျက်ဆီးခဲ့ပုံကို ရေးနိုင်လောက်ပြီ ထင်လို့ ဒီစာတမ်းကို ရေးပါတယ်။ အမှန်ကတော့ ရှေးလက်ရာတွေပြင်တာနဲ့ ပျက်သွားရလေတယ်လို့ ပြောရမယ့် ဝမ်းနည်းစရာ ဓာတ်လမ်းပဲဖြစ်ပါတယ်။ ရှေးပုဂံ ပျောက်ပြီး အမြင်ဆန်းပုံသစ် ဖြစ်သွားရတဲ့ ဂူ၊ ကျောင်း၊ ဘုရား၊ စေတီပုထိုးတွေကို အက္ခရာစဉ်အတိုင်း တင်ပြပါရစေ။

## အဂ္ဂတော့

(၁၃၄၀/၆၆၃) မြင်းကပါ ဆင်းတုတော်တစ်ဆူရဲ့ ဥကျောင်းတော် ၄ ပေပြီ ၁၃၈၀ လျောင်မှာ ပြုတ်ကျလို့ အဂ္ဂပတိ မဟာထေရက ၂၈ မတ် ၁၃၈၆ မှာ မွမ်းမံ ပြင်ဆင်ခဲ့ပါတယ်။ ၁၃ ဒီဇင်ဘာ ၁၆၅၈ လျောင်မှာ ပြိုပြန်လို့ မဟာကစ္စနတပည့် ဓမ္မနရက ၄ မတ် ၁၆၅၉ မှာ အသစ် မွမ်းမံ ပြင်ဆင်ရပါတယ်။

mgyoe.com

mgyee.com

## အလယ်ဂူ

(၄၇၈/ ၂၇၈ ခ) မင်းနန်သူ ဘုရားသုံးဆူထဲက အလယ်ဂူမှာ ပလ္လင်တော်ပျက်နေလို့ အမည်မသိသူတစ်ဦးက (၂၈ မတ်) ၁၄၃၄ မှာ ပြင်ဆင်ပါတယ်။

## အပယ်ရတနာ

(၁၂၀၃/၅၄၉) မြင်းကပါ အရှေ့မဏ္ဍပတောင်ဘက် နံရံကို ထုံးသုတ်ပြီး ဘုရားခြေတော်ရာ တစ်စုံကို (၁၄ ဇန်နဝါရီ ၁၅၇၅)မှာ ရေးဆွဲသွားပါတယ်။ အဲဒီအချိန်လောက်မှာပဲ အရှေ့မဏ္ဍပ မြောက်နံရံကို ထုံးသုတ်ပြီး ပန်းခွေလိပ်တွေကို ရောင်စုံ ရေးဆွဲသွားပါတယ်။ မြောက်မဏ္ဍပ အရှေ့နံရံမှာလည်း ထုံးသုတ်ပြီး ပန်းခွေလိပ်တွေကို နှစ်ကြိမ် ရေးဆွဲခဲ့တယ်။ တောင် မဏ္ဍပ အနောက်နံရံမှာ ပန်းပုံမျိုးစုံကို ရောင်စုံ ရေးဆွဲခဲ့တယ်။ ဂရ်ဘဂြိဟ (အလယ်တိုက်) အဝင်ခုံ ဘယ်ဘက်နံရံမှန်ကပ်ကာ ဆင်းတုကို သိုက်ဆရာတွေက ဖျက်ဆီးပြီး နှစ်ကြိမ်တိုင်တိုင် ဌာပနာရာလို့ အဲဒီဆင်းတုကို နှစ်ကြိမ်ပြင်ရတယ်လို့ ဆိုပါတယ်။ အဲဒီလို ဇွဲကောင်းကောင်းနဲ့ အပျက်ကို စောင့်ပြင်တဲ့ပုဂ္ဂိုလ်က မင်းရန်အောင် ဖြစ်တယ်။ အပယ်ရတနာဂူအထဲမှာ ၁၆ ရာစုနှစ်အဝက်ကျော်က ပြင်ဆင်ဖြည့်စွက်ပြီး ဆေးရောင်စုံခြယ်သမှုသူ့တာဝန်ပဲ ဖြစ်ပါတယ်။

## ဦးဆောက်ပန်း

(၂၀၇/၁၃၇၄) တောင်ဘဖြ ဘုရားဆင်းတု တစ်ဆူကို ၉ မေ ၁၇၃၃ မှာ ဆေးရေးပြီး အပေါ်က ပိတာန်(မျက်နှာကြက်) ဆွဲတယ်။ နောက်တစ်ဆူကို ၂၉ မေ ၁၇၃၃ မှာ "မွမ်းမံ"တယ်။

## ဥပါလိသိမ်

(၂၁၂၁/၁၄၁၆) နံရံတွေကို ထုံးသုတ်ပြီး ပန်းချီဆေး အသစ်ရေးရတာက ပဒုံမင်း ၁၇၈၂–၁၈၁၉ လက်ထက် မင်းမိန့်နဲ့ ဖြစ်ပါတယ်။ ဒွေ

mgyee.com

mgyoe.com



တစ်ပိသသာ ကျပ်နှစ်ဆယ် ကုန်ဘယ်လို့လည်း သိရပါတယ်။ ဆေးစရေးတဲ့ ရက်စွဲက ၄ မတ် ၁၇၉၄ ဖြစ်တယ်။ တစ်နှစ်အတွင်း ပြီးစီးအောင်မြင်တယ်လို့ ဥပါလိသိမ် အပြင်ဘက် မြောက်ဂူဝမှာ နံရံမင်စာ ရှိတယ်။ အဲဒီစာကို ဦးထွန်းလှိုင် (ကွယ်လွန်သူ စာရေးဆရာ ရွှေကိုင်းသားအမည်ခံ ဦးသောဘိတ) က သူ့မှတ်စုထဲမှာ ရေးထားခဲ့ပါတယ်။ ဂူနံရံ အင်္ဂတေရပေါ်မှာ အခုလို နောက်ထပ်ရေးတဲ့ ပန်းချီနဲ့ မင်စာတွေပါ အားလုံး ၈ ဇူလိုင် ၁၉၇၅ ငလျင်မှာ ကွာကျပြီး ပျက်စီးဆုံးရှုံးသွားပါပြီ။

ကျဆင်းဂူ

(၁၂၁၉/၅၅၅) မြင်းကပါကို သင်တြဲအိုလ်က ၁၅ ဒီဇင်ဘာ ၁၂၂၃ မှာ အားလုံး မွမ်းမံလို့ ဂူကို သင်တြဲအိုလ် ဘုရားလို့လည်း ခေါ်ကြပါတယ်။

ခေမာဝရဂူ

(၃၆၇/၂၄၄) ဝက်ကြီးအင်းကို ၁၇ ဧပြီ ၁၇၅၉ က မဟာထေရ ခေမာဝရက အားလုံး အသစ်ဖြစ်အောင် မွမ်းမံလိုက်လို့ ဒီဂူကိုလည်း ခေမာဝရဘုရားလို့ တွင်လာပါတယ်။

ဂူ

(တာမဏိ ၁၁၂၉၊ ၄၇၈က၊ သရိရှာ)ရှိ ဆင်းတုတော်ကို ၂၅ မတ် ၁၂၁၂ က ပင့်သကူထေရက "မျက်နှာတော်သစ်"တယ်။

ဂူ

(မုခ်ပေါက် အနောက်လှည့်တဲ့) သက်စိုးတောင် အနားမှာရှိတဲ့ ဆင်းတုတော်သုံးဆူကို အမည်မသိ ဒါယကာတစ်ဦးက ၁၅ ဇူလိုင် ၁၄၂၉ က ပြင်ခဲ့တယ်။

mgyoe.com

mgyoe.com

ဂူ

(တောထွက်ကြီး ၁၄၉၆/ ၈၁၉) ပုဂံရှိ ဆင်းတုတော်ကို ပိဋကစိုး တောထွက် သိရီဉာဏက (၁၈ ဖေဖော်ဝါရီ ၁၆၂၆) မှာ မွမ်းမံခဲ့တယ်။

ဂူ

(၁၈၉၅/ ၁၁၉၂) တောင်ဘီ၊ ငါးမျက်နှာဘုရား (၁၈၃၁/ ၁၁၂၉) အနောက်ဘက် ဘုရားသုံးဆူထဲက တစ်ဆူကို ပင့်သက္ကထေရက (၂၅ မတ် ၁၂၁၂)မှာ မွမ်းမံပြင်ဆင်ခဲ့တယ်။

ဂူပြောက်ကြီး

(၂၉၈/ ၁၉၇က) ဝက်ကြီးအင်း၊ ငါးရာ့ငါးဆယ် ဇာတ်ကွက်တချို့ ကို ထောမန် (TH. H. Thomann) နှင့် အပေါင်းပါ ၅ ယောက်က ဂျာမနီ ပြတိုက်တစ်ခုအတွက် အင်္ဂတေကို အကွက်ချပြီး လွှနှင့် တိုက်စိတ် ခွာယူ တယ်။ ခွာယူတဲ့အခါ အင်္ဂတေ အတွဲလိုက်ရှိနေအောင် အပေါ်က သတင်းစာ ဟောင်းကို ကော်နဲ့ကပ်ရတယ်။ ဆက်မလုပ်ရန် တားမြစ်တုန်းက ခွာယူဖို့ သတင်းစာကပ်ပြီး အသင့်ဖြစ်နေတဲ့ အကွက်မှာ ညနေသတင်း ဂလပ်စဂို (Evening Time Glasgow) စနေနေ့ ၁၈ မတ် ၁၈၉၉ လို့ တွေ့တယ်။ သတင်းစာက ဒါ့အရင် သီတင်းပတ် အတော်ကြာက ထွက်ခဲ့မှာ ဖြစ်ပါ တယ်။ ဒါပေမဲ့ အပြောရလွယ်အောင် ဂျာမန်တွေ ခိုးမှု ကျူးလွန်တဲ့ရက် ကို ၁၈ မတ် ၁၈၉၉ လို့ မှတ်ထားပါတယ်။ ဒီအကြောင်းကို မင်စာကူး တဲ့ ဦးငြိမ်းမောင်က ၂၄ ဇွန် ၁၉၅၈ အစီရင်ခံစာမှာ ထည့်ရေးထားပါ တယ်။

ဂေါတမဘုရား

(၁၇၆/ ၁၃၆) ငှက်ပစ်တောင်ကျောင်းတိုက် ညောင်ဦးဘုရား ဆင်းတုတွေကို (၁၃ ဧပြီ) ၁၈၉၁ က ဦးထွန်းလင်း၊ ဦးအောင်သာနဲ့ မောင်ဖွေး တို့က မွမ်းမံပြင်ဆင်ကြတယ်။

mgyoe.com

mgyoe.com



ငါးမျက်နှာဂူ

(၅၆၆) မင်းနန်သူ (တောင်ဘက်)၊ အရှေ့တောင်မုခ်အဝင်ခုံး အရှေ့နံရံရှိမုခ်ကပ် ဆင်းတုကို တောင်ကူ တောင်တွင်း မင်းဆရာက (၃၁ အောက်တိုဘာ ၁၄၄၂) မှာ မွမ်းမံတယ်။ နောက်တစ်ဆူကိုတော့ မင်းဂင်္ဂသူဆရာက ၂၀ ဩဂုတ် ၁၆၂၃ မှာ မွမ်းမံတယ်။

ငှက်ပစ်တောင်ဘုရား

(၁၇၆/၁၃၆) သိုက်ဆရာတွေ ဖျက်လို့ ဆင်းတုတော်တွေ ပျက်စီးနေတာကို ငှက်ပစ်တောင် မဟာထေရက အလှူခံပြီး ၁၂ ဖေဖော်ဝါရီ ၁၄၀၁ ခုက စတင်မွမ်းမံ ပြင်ဆင်ကာ ၂၇ ဧပြီ ၁၄၀၁ ခုမှာ ပြီးတယ်။ ဒါယကာ၊ ဒါယိကာမ တစ်ဆယ့်နှစ်ဦးကို တစ်ယောက်တစ်ဆူ တာဝန်ပေးပြီး ပြင်ခိုင်းတယ်။ နာမည်တွေက ငအောင်မြင့်၊ ငကဝ်တု၊ မဲဆ၊ အိုသလတ်၊ ငဆတ်၊ ငစု၊ စုဠာမဏိ မဟာထေရ၊ ငဆွေနှစ်၊ အိုဆွေမင်၊ ဉာဏ်အုံ၊ အိုညယ်မနဲ့ အိုညယ်လတ်တို့ ဖြစ်ပါတယ်။

စူဠာမုဏိ

(၇၄၈/၃၆၄ က) အထပ်ထပ် ဂရ်ဘဂြိဟ (ဘုရားကျောင်း)ရှိ ဆင်းတုတော်ကို ရွှေကျောင်း သဃ်ာထေရက (၈ ဒီဇင်ဘာ ၁၂၉၉) မှာ မွမ်းမံ ပြင်ဆင်တယ်။ မြေညီထပ် မြောက်စင်္ကြံ အနောက်နံရံက ရှိပြီးပန်းချီကားတွေကို ထုံးသုတ်ဖျက်ဆီးပြီး ဓမ္မရာဇကစေတီပုံ စတ္တုရင်္ဂဗလက ၂ ဩဂုတ် ၁၃၁၇ မှာ ရေးတယ်။ ဒီစေတီပုံတော်ကို ရအောင်ရှာနိုင်ရင် ဦးဘတင့် (၂၃ ဖေဖော်ဝါရီ ၁၉၉၅)က ပြောသလို ပုဂံ ခေတ်နှောင်း ပန်းချီပညာသည်တွေဟာ ပုံဆွဲတဲ့အခါ ဝေးနီးမှန်အောင် ရေးတတ်တယ်ဆိုတာ ဟုတ်မဟုတ် စစ်ဆေးနိုင်မှာ ဖြစ်ပါတယ်။ လူသူတော် နန္ဒသီလက စူဠာမုဏိ မြောက်စင်္ကြံနံရံမှာ ဗုဒ္ဓရုပ်ပွားတော် သုံးဆူကို သက်ဆိုင်ရာ ဗောဓိပင်နဲ့ တစ်ပါတည်း ၁၇ အောက်တိုဘာ ၁၇၇၈ က ရေးဆွဲတယ်။ ကိုးကျောင်းတိုက် ဝရမ္မ တပည့်တစ်ဦးကလည်း မြောက်စင်္ကြံအောက်ဘက် ပစ္စယနံရံမှာ (၁)

mgyoe.com

mgyoe.com

ဗုဒ္ဓတရားဟောဟန်၊ (၂) ပူဇော်နေတဲ့ လက်ဝဲလက်ယာ သာဝကနှစ်ပါးနဲ့ ဗုဒ္ဓပုံတော်၊ (၃) လျောင်းတော်မူပုံတော်၊ (၄) ဆင်ဖြူ ဆင်နက်ပုံတွေကို ၆ နိုဝင်ဘာ ၁၇၇၈ က ရေးခဲ့ပါတယ်။ အောက်ပစ္စယ၊ အနောက်စကြံ အနောက်နံရံမှာ မောင်ဖြူက (၁) ဝိတရ်မုဒြာနဲ့ ဆင်းတုတော်တစ်ဆူ၊ (၂) ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးဟန်၊ (၃) မုစ္စလိန္ဒာ နဂါး ဘုရားကို ပါးပျဉ်းနှင့်မိုးဟန်နဲ့ (၄) ဗုဒ္ဓရုပ်ပွားတော်သုံးဆူကို ၂၇ နိုဝင်ဘာ ၁၇၇၈ က ရေးဆွဲခဲ့တယ်။ ဝိမလစာရနဲ့ ဝရဇသီတို့က အောက် ပစ္စယ အနောက်စကြံ အနောက်နံရံမှာ ရှိသမျှ ရုပ်ပွားတော်တွေကို ၂၄ ဇွန် ၁၇၇၈ က မွမ်းမံပြင်ဆင်ခဲ့ပါတယ်။ ၉ ဇန်နဝါရီ ၁၇၇၉ မှာ ဆေးခြယ်ပါ တယ်။ အရှေ့ပုဂံ၊ ရတနာတုလွတ်ကျောင်းက ဝိမလက စူဠာမုဏိ ဆင်းတု တော်တွေကို ၁၁ ဧပြီ ၁၇၇၉ က မွမ်းမံပြင်ဆင်တယ်။ စူဠာမုဏိ တော ကျောင်း ဦးသာသနက ဖွားစောရှာ ဦးတာတေ–ဒေါ်မုန်းတို့နဲ့ပေါင်းပြီး ၂၉ မေ ၁၉၂၈ မှာ စူဠာမုဏိ မြောက်မဏ္ဍပက ဆင်းတုတစ်ဆူကို ငွေကျပ် ၃၀၀ အကုန်ခံပြီး မွမ်းမံပြင်ဆင်ကြတယ်။ ဦးသာသနတစ်ပါးတည်း (၁၅ ဧပြီ) ၁၉၂၉ မှာ ကျန်ဆင်းတုတော်တွေကို မွမ်းမံတယ်။

## စေတီလုံး

(၁၅၀၂/၈၁၅) အာနန္ဒာဘုရားတောင်ဘက် ကုလားကျောင်းခံ ဆင်းတုတော်တစ်ဆူကို (၂၈ ဖေဖော်ဝါရီ ၁၆၃၉)မှာ အန္တသူဆရာ သင်္ဃ ရာဇာ မဟာမဟိန္ဒ မွမ်းမံပြင်ဆင်တယ်။ တစ်ချိန်တည်းလိုမှာပဲ ဒီစေတီလုံးရဲ့ အောက်ခံ ကုလားကျောင်းထဲက ဆင်းတုတော်တစ်ဆူကို မင်းသမီး ရှင်စောဝ် ပျို့ဝ်က မွမ်းမံပြင်ဆင်ပါတယ်။ ဒီမင်းသမီးက အဝ ညောင်ရမ်းဆက်က မင်းသမီး ဖြစ်တယ်။ အဘိုးက ရှင်ဘုရင်၊ သူ့အဘိုး တရဖျား (၁၄၄၂ ၁၄၈၆)ဖြစ်ရင် သူ အလှူဒါနလုပ်မယ့်အရွယ်ဟာ အသက် သုံးဆယ်ကျော် ဖြစ်နိုင်တဲ့ ခရစ်နှစ် ၁၅၀၀ လောက် ဖြစ်မယ်လို့ ယူဆမိပါတယ်။ စေတီလုံး မှာပဲ ၅ မတ် ၁၆၅၇ မှာ ပဂိုးရွဲခေါ်တဲ့ ဘုန်းကြီးက ဆင်းတုတော် တစ်ဆူကို မွမ်းမံ ပြင်ဆင်ခဲ့ပါသေးတယ်။

mgyoe.com

mgyoe.com



တြာပျာမင်းကြီး + မိဖုရားစဝ်

မင်းစစ်သူကြီး　　ပင်းယမိဖုရား　　ကလေးမိဖုရား

|

သျှင်စောဝ်ပျို်

## စိမ်းညက်အမ

(၁၀၈၅/၄၅၇) မြင်းကပါ ဆင်းတုတော် တစ်ဆူကို ရှေ့ဥမင် သဃ်ရာဇာ မဟာမဟိန္ဒ မွမ်းမံပြင်ဆင်တယ်လို့ မင်စာရေးထားခဲ့တာကို နေရာအများမှာပဲ တွေ့ပါတယ်။

## စိုးမင်းကြီးဘုရား

(၁၁၄၅/၄၉၁)၊ မင်္ဂလာစေတီ (၁၄၃၉/၇၅၂) နဲ့ ဓမ္မရာဇက (၉၄၇/၄၁၂က) ဘုရားတွေမှာ (၁၃ ပြေ) ၁၈၉၁ က ဒေါက်တာ နွတ်တလင် (Fritz Von Noetling) စဥ့်သုတ် ငါးရှာ့ငါးဆယ်ဇာတ်ကွက် အများကြီး ဖြုတ်ခိုးပြီး ဘာလင် လူမျိုးရိုးပြတိုက် (Berlin Museum for Ethnology- Berlin Museum Fure Volkerkunde) ကို ပို့လိုက်ပါတယ်။ ဂျာမန်တွေ လုပ်ပုံကို ပိုပြီးပြည့်စုံအောင် ရေးထားတာ ရှိပါတယ်။

*ဖိုခင်မာ (Forchhammer) မမာလို့ ခွင့်ရက်ရှည်နဲ့ လိုပ်ပ်ဇစ် (Leipzig) ကို ပြန်တော့ နာလန်ထရင် အလုပ်လုပ်နိုင်လိမ့်မယ် မျှော်လင့်ချက်နဲ့ (မြန်မာရှေး) ပစ္စည်းတွေ အများကြီး သယ်သွားတယ်။ ကံဆိုးချင်တော့ ၁၈၉၀ ကွယ်လွန်တဲ့အခါ ပါသွားတဲ့ပစ္စည်းအကြောင်း ဘယ်သူမှ မသိတော့ပါ။ အလားတူ ခွင့်မလွှတ်နိုင်တဲ့ နောက်ထပ် ဆုံးရှုံးမှုတစ်ခု ရှိသေးတယ်။ ဂျာမန် ဘူမိဗေဒပညာရှင်အဖြစ်နဲ့ ဒေါက်တာ ဖရစ်ဗွန်နွတ်တလင် (Dr. Fritz Von Noetling) မြန်မာနိုင်ငံကို ၁၈၉၀–၁၉၀၀ အတွင်း ရောက်လာပြီး အစိုးရအတွက် ရေနံချောင်း၊ ရေနံတွင်း အစီရင်ခံစာကို လေ့လာစူးစမ်းပြီး ရေးသားတင်သွင်းသွားပါတယ်။ ရက်အားရတိုင်း ရေနံချောင်း မြောက်ဘက် မိုင်တစ်ရာရှိ ပုဂံကို အလည်သွားလေ့ရှိပြီး မင်္ဂလာစေတီ*

mgyoe.com

mgyoe.com

ဓမ္မရာဇက၊ စိုးမင်းကြီး၊ နတ်လှောင်ကျောင်းနဲ့ တခြားစေတီ ဂူဘုရားတွေက အကောင်းဆုံးလက်ရာဖြစ်တဲ့ စဥ္စာတ်ကွက် နှစ်ရာကျော်၊ စဥ္ အလှဆင်ပန်းနဲ့ရုပ်ကြွတွေ၊ ကျောက်ကြေးသစ်သားရုပ်ကြွ နည်းနည်းနဲ့ မြေပုံဘုရား (အုတ်ခွက်)တွေကို ခိုးယူပြီး ဂျာမနီကို ပို့လိုက်တယ်။ အစပထမတော့ ဘာလင်လူမျိုးရိုးပြတိုက်မှာ ကောင်းကောင်းမွန်မွန် ခင်းကျင်းပြသထားပြီး ဒေါက်တာ ဂရုန်ဝေဒေလ် *(Dr. Grunwedel)* က ဒီပစ္စည်းတွေအကြောင်း သီးခြားကျမ်း *(Monograph)* တစ်စောင် ရေးပါသေးတယ်။ ကျွန်တော် *(G. H. Luce)* ၁၉၆၃ က ရောက်သွားတော့ ပစ္စည်းဟောင်းပစ်ရာ တိုက်ခန်း *(Chllar)* ထဲမှာ ဖုန်အလူးလူးနဲ့ တွေ့ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ စောစောက ပြောထားတာတွေထက် ပိုဆိုး ပိုကြီးကျယ်တဲ့*(Blitz)*လျှပ်တစ်ပြက်စစ်ဆင်နည်းနဲ့ ဂျာမန်ဖျက်ဆီးစရိုက် *(Vandalism)*ဒဏ်ကို ၁၈၉၉ က ခံရသေးတယ်။ ဂျာမန်ဒေါက်တာ အတုအညာ ထောမန် *(Thomann)* ဟာ နောက်ပါ အဖော်အနည်းဆုံး ခြောက်ယောက်နဲ့ ဟမ်ဘုဂ် လူမျိုးရိုးပြတိုက် *(Hamburg Ethnographical Museum)* အတွက် ပုဂံမှာ လာရောက် သောင်းကျန်းတယ်။ ဝက်ကြီးအင်း ဂူပြောက်ကြီး အာရုံခံတန်ဆောင်းမှာ မြန်မာပန်းချီဆရာတို့ရဲ့ အပြောင်လို့ ဂုဏ်ယူဝင့်ကြွားနိုင်တဲ့ လက်ရာတွေက (လူဆိုး)တွေရဲ့ ယုတ်မာပုံကို သက်သေခံတဲ့အနေနဲ့ ဇာတ်ကွက်ကို လွှနဲ့ဖြတ်ပြီး ဖြတ်လက်စရယ်၊ ဖြတ်ပိုင်းကို (အစိတ်စိတ် မကြေကျအောင်) သတင်းစာဟောင်း ကပ်လက်စ တိုးလိုးတန်းလန်းရယ် မြင်ကြရမှာ ဖြစ်ပါတယ်။ (ဂူပြောက်ကြီးအပြင်) ထီးလိုမင်းလို အနောက်ဘက်ဂူငယ်လေးလုံးလည်း ဖျက်ဆီးတာ ခံရတယ်။ မြေပုံဘုရားတွေလည်း အများကြီး ခိုးသွားကြသေးတယ်။ ထောမန် *(Thomann)* တို့ကို လက်ပူးလက်ကြပ်မိလို့ နယ်နှင်ခံရတဲ့အပြင် ခိုးရာပါပစ္စည်းတချို့ကို ပြန်ရတယ်။ ပြန်ရတဲ့ ပစ္စည်းကို နေရာမှန်ရောက်အောင်ပြန်မပို့နိုင်ပါ။ လွှနဲ့ဖြတ်ယူတဲ့ (ပန်းချီရေးပြီး အင်္ဂတေ)ချပ်အများစုဟာ ဘယ်ရောက်ကုန်မှန်း မသိပါ။ ဟမ်ဘုမ်ပြတိုက်မှာ ပြထားတာနည်းနည်း၊ သူလုပ်ပုံကို အရှက်မရှိ **ပုဂံ** ဆိုတဲ့ နာမည်နဲ့ စာအုပ်ထုတ်သေးတယ်။ အဲဒီစာအုပ်ထဲမှာလည်း နည်းနည်းပဲ ပြထားတယ်။

mgyoe.com

mgyoe.com



*(Th.H. Thomann, Pagan Ein Jahrtausend Buddhist Ischer Tempelkunst, Ver- lage, Walter Siffert, Stuttgart UND Hell-Bronn, 1923)* စစ်ကြီးပြီးလို့ အနိုင်ရပါရင် ဒီခိုးရာပါပစ္စည်းတွေကို မြန်မာက ပြန်ရအောင် ဆောင်ရွက်ခွင့်ရှိမယ်လို့ မျှော်လင့်ပါတယ်။ အနည်းဆုံး ဆင်းတုနဲ့ ဓာတ်ကွက် စဉ့်ပြားတွေကို ဆိုင်ရာဆိုင်ရာ ဘုရားမှာ မှန်မှန်ကန်ကန် ပြန်ထားနိုင်စရာ ရှိပါတယ်။*(Luce, "A Century of Progress in Burmese History and Archaeology." JBRS. XXXIII, I, December, pp.84-85)* ဒီစာတမ်းကို ကုလားနိုင်ငံ ကုလားအသင်းမှာ Sir Henry Craw ကို သဘာပတိတင်ပြီး ၂၂ ဇူလိုင် ၁၉၄၂ ခုက ဖတ်ခဲ့ပါတယ်။)

ဇေယသွတ်ဘုရား

(၇၈၅/၃၇၇က) ဖွားစော အရှေ့ရွာတောင်ဘက် ဂူဘုရားနံရံ မင်စာ တစ်ခုမှာ မင်းဏ္ဍစွာနဲ့ မဟာကဿပ တောကျောင်းဘုန်းကြီးတွေ မြေပိုင်ဆိုင်မှု တရားကို မှတ်တမ်းတင်ခဲ့တာ တွေ့ပါတယ်။ ကွယ်လွန်သူ ဇေယသွတ်က မင်းမိန့်ကို ရယူပြီးမှ ဟင်ရံပအက် အရပ်မှာရှိတဲ့ မြေကို မဟာကဿပ တောကျောင်းမှာ ၂၄ ဒီဇင်ဘာ ၁၂၂၃ က လှူတယ်။ နောက် အဲဒီအရပ်ကပဲ မြေတချို့ကို ထပ်ပြီး တောကျောင်းမှာ လှူခွင့်ရယူပြီးမှ ၁၃ မတ် ၁၂၂၈ မှာ လှူပြန်တယ်။ မြေနဲ့အတူ ကုလားမြန်မာနဲ့ ရှမ်းကျွန် ၅၀၀ ကိုလည်း တောကျောင်း အလုပ်အကျွေးအဖြစ်နဲ့ လှူသေးတယ်။ ဥစ်နာသားဏ္ဍစွာ ၁၉ ဇူလိုင် ၁၂၃၅ မှာ နန်းတက်တော့ မြန်မာ "အကြေအညာ"က ဘုရားကျောင်း ဝတ္တကမြေအားလုံးကို သိမ်းတယ်။ မဟာကဿပ တောကျောင်းဘုန်းကြီးတွေက ဇေယသွတ်ကျောင်း ဘုရားမှာ လှူခဲ့တဲ့ ဟင်ရံပအက်မြေကို မသိမ်းသင့်ပါလို့ ကန့်ကွက်ကြတယ်။ အကြောင်းပြချက်က မြေယာကို သာသနာမှာ လှူရင် သာသနာတည်သရွေ့ အနှစ်ငါးထောင်လုံး တည်တယ်။ မူလ ပေးလှူစဉ်က ကျောင်းဘုရားပျက်စီးသွားပြီ ဆိုပေမဲ့ နီးစပ်ရာ ကျောင်းဘုရားက ဒီမြေကို ဆက်ဆံမယ်။ ဒါကို မင်းက အသိအမှတ်ပြုရုံပဲဆိုတဲ့ သဘောကို ပြောပြတာ ဖြစ်ပါတယ်။ ဒီတော့ ရှင်ဘုရင်က

mgyoe.com

mgyoe.com

ပြန်လည်စစ်ဆေးဖို့ ခြောက်ဦးကော်မတီ ဖွဲ့တယ်။ အဖွဲ့ဝင်တွေက–

မင်ဖထုယ် ရာဇသူ

မင်ဖထုယ် ကက်သူ

အမတ် မဟာသမန်

အမတ် အမြိုက်လကျာ

အမတ် အနန္တဇေယျပိကြံနဲ့

အမတ် မဟာသင်္ကထိတ်

တို့ ဖြစ်ပါတယ်။ ကော်မတီရဲ့ ပထမဆုံးဆောင်ရွက်ချက်က ဘုန်းကြီးတွေ တင်ပြချက် မှန် မမှန် ပြောနိုင်တဲ့ သက်သေရှာကြပါတယ်။ မဟာကဿပ တောကျောင်းကို ဟင်ရုံပအက်လယ် လှူချင်ပါတယ်လို့ ဇေယျာသွတ်မင်းထံ ခွင့်တောင်းစဉ်က "သိမြင်သသူ" တွေက ပြောတိုင်း ဟုတ်ကြောင်း အစစ်ခံပြီး လှူပိုင်တဲ့မြေကို ကျောင်းဘုရား လွှဲတဲ့ထုံးနည်း မှန်ကန်တယ်လို့ ထွက်ဆို တယ်။ ဒီလိုဆိုရင် လွှဲအပ်ချက် ပြီးမြောက်တယ်။ မင်းဖြစ်ပါစေ မဖျက်နိုင်လို့ ဆုံးဖြတ်တာကြောင့် ရှင်ဘုရင်က လယ်တွေကို ကျောင်းမှာ ပြန်လှူရပါ တယ်။

တဝဂူ

(၁၄၉၆/၈၀၉) ပုဂံမြင်းပြန်နဲ့ နွားပြကြားမှာရှိ ဂူ သိရီဥာဏ တောထွက်၊ ပိဋကစိုး၊ မိဖုရား ဆရာက ဆင်းတုတော်တစ်ဆူကို (၁၈ ဖေဖော်ဝါရီ ၁၆၂၆)က မွမ်းမံပြင်ဆင်တယ်။

တဝဂူ

(၂၁၀၀/၁၃၉၅) တောင်ဘီ၊ ထီးလိုမင်းလိုတောင်ရှိ ဂူမှာ ဂန့်ဝေါ ကျောင်း ဆရာတော်က (၂၈ ဖေဖော်ဝါရီ ၁၆၃၉)မှာ ဆင်းတုတော် တစ်ဆူ ကို မွမ်းမံပြင်ဆင်တယ်။

mgyoe.com

mgyoe.com



### တံခွန်ဒါယကာဘုရား

(၁၄၃၂/၇၉၅) မြင်းကပါ မင်္ဂလာစေတီအနား (၁၄ မတ်) ၁၃၆၃ မှာ အနန္တပတိ အမတ်ကတော် တည်ဆောက်တယ်လို့ မင်စာ ရှိတယ်။ ဂူမှ အထွတ်ကို (၂၇ မတ်) ၁၃၆၉ မှာ တင်တယ်။ ဂူပြီးလို့ ရှစ်နှစ်အကြာမှာ ဆင်းတုတော်တွေကို ပြင်ဆင်ဖို့ လိုတယ်လို့ ဆုံးဖြတ်ပြီး ၂၈ မတ် ၁၃၇၁ မှာ စကြံတွေကို ခိုင်ခံ့အောင် ပြန်လုပ်ရတယ်။ ဝန်းကျင်ကိုလည်း ရှင်းလင်းပြီး တံတိုင်းခတ်တယ်။ အဲဒီအခါ (၂၁ နိုဝင်ဘာ) ၁၃၇၃ မှာ ကျောင်းတိုက်ကြီး ဖြစ်လာပါတယ်။ အမတ်ကတော်က စေတနာထက်သန်လို့ ၁၃၆၃က ၁၃၇၃ အတွင်း အပြီးအပျက်တွေကိုရှင်းပြီး သာယာတဲ့ဥယျာဉ်ဖြစ်အောင် လုပ်ပေးပါသေးတယ်။ အဲဒီနောက် နှစ်တစ်ရာကြာတော့ (၂၉ ဇန်နဝါရီ ၁၄၆၂)မှာ ရှင်ပဥ္စင်းငယ်ပေါ်လာပြီး ဆင်းတုတော်တွေအားလုံးကို မွမ်းမံ ပြင်ဆင်ခဲ့ပါတယ်။

### ထီးလိုမင်းလို

(တိလောကမင်္ဂလာ) (၁၈၁၂/၁၁၁၀) တောင်ဘီ၊ တစ်ဆယ့်ငါးရာစုနှစ်ရောက်တဲ့အခါ ဒီဂူဘုရားဟာ အတော်ပဲ အိုမင်း ဟောင်းနွမ်းနေပြီ ဖြစ်ပါတယ်။ တောင်ငူ တောင်တွင်းမင်း သိရိဇေယသူရရဲ့ အမှုထမ်း ငမင်းလှဟာ မင်းသိရိအမိန့်နဲ့ (၃၁ အောက်တိုဘာ ၁၄၄၂)မှာ မင်းသိရိဆရာကိုပါ အကြောင်းကြားပြီး ဆရာတော်ကြီးကြပ်ပြီး ဆင်းတုတော်တွေကို မွမ်းမံပြင်ဆင်ပါတယ်။ နောက်ထပ် နှစ်နှစ်ရာလောက်ကြာပြန်တော့ မဟာသီလထေရရောက်လာပြီး ထီးလိုမင်းလိုက ရုပ်ပွားတော်တွေကို (၁၉ ဖေဖော်ဝါရီ ၁၆၂၅) မှာ မွမ်းမံ ပြင်ဆင်ပြန်ပါတယ်။ မဟာသီလထေရက အခုလို ပြင်ဆင်လိုက်တော့ သာသနာငါးထောင်တိုင်အောင် ရွှေရောင်တဝင်းဝင်းနဲ့ ကြည်ညိုဖွယ် ရှိလိမ့်မယ်လို့ မင်စာရေးခဲ့ပေမဲ့ သိကြတဲ့အတိုင်း ကြာလှအဆုံး လူ့တစ်ဆက် အနှစ်နှစ်ဆယ် အစိတ်ပဲခံမှာ ဖြစ်ပါတယ်။ တောထွက်ရဟန်းတစ်ပါးက အရှေ့စကြံမှာ ဘုရားရုပ်တစ်ဆူကို (၂၈ ဖေဖော်ဝါရီ ၁၆၃၉)မှာ မွမ်းမံ ပြုပြင်ခဲ့တယ်။ အဲဒီအချိန်မှာပဲ သင်္ဃရာဇာ မဟာမဟိန္ဒက တောင်စကြံမှာ ဆင်းတုသုံးဆူ၊ အနောက်စကြံမှာ သုံးဆူ၊ မြောက်စကြံမှာ နှစ်ဆူ၊

mgyoe.com

mgyoe.com

အထက်ပစ္စယမှာ တစ်ဆူ မွမ်းမံပြုပြင်ပါတယ်။ ဆရာတော်ကပဲ မြောက်၊ တောင်နဲ့ အနောက်အာရုံခံတွေထဲမှာ နှစ်ဆူစီ မွမ်းမံ ပြုပြင်တယ်။ အမည်မသိ သူတစ်ဦးက အရှေ့မုခ်ပေါက် နံရံတစ်ခုကို ထုံးသုတ်ပြီး တည်မလှယ် နာမည် တပ်ပြီး ဆင်ရုပ်ကြီးကို ၁၇ ဧပြီ ၁၇၅၉ မှာ ရေးဆွဲခဲ့ပါတယ်။ အလားတူ ပျံမခန့် ဆင်ရုပ်ကိုလည်း နံရံ နောက်တစ်နေရာမှာ သူပဲ ရေးခဲ့တာ ဖြစ်နိုင် ပါတယ်။ ဇရပ်ဒါယကာ ကျော်စုံမိသားစုက ၂၄ အောက်တိုဘာ ၁၇၆၄ မှာ ဆင်းတုတော်တစ်ဆူကို မွမ်းမံ ပြုပြင်ခဲ့ပါတယ်။

## ဓမ္မရာဇက

(၉၄၇/၄၁၂က) ဖွားစောရွာ ၁၈ စက်တင်ဘာ ၁၁၉၈ က တည် ဆောက်ပြီးတဲ့ဘုရား ဖြစ်တယ်။ ၁၇ ရာစုနှစ်ရဲ့ ပထမနှစ်အစိတ်အတွင်းမှာ အပျက်အစီး များနေပြီဖြစ်လို့ မြတ်ဆရာရှင်က မွမ်းမံပြင်ဆင်ပါတယ်။ ၁၁ ဇွန် ၁၆၁၉ မှာ မွမ်းမံလို့ ပြီးစီးအောင်မြင်လို့ အောင်ပွဲအနေနဲ့ (နောင်အခါက တီထွင်တဲ့) ထီးတင်ပွဲကို မြင်းပွဲ၊ လှည်းပွဲ၊ မီးပန်းလွှတ်ပွဲတွေနဲ့ ကြီးကြီး ကျယ်ကျယ် ခင်းကျင်းပါတယ်။ ပွတ်တိုင်ကျောင်း ဆရာတော်ကလည်း သူ့စွမ်းသလောက် ဒီပွဲ ပါဝင်ဆင်နွှဲတဲ့အနေနဲ့ အရှေ့မဏ္ဍပ (အာရုံခံ တန်ဆောင်း)က ကက္ကုသန္ဓ ရုပ်ပွားတော်ကို မွမ်းမံ ပြုပြင်ပါတယ်။ ပွတ်တိုင် ကျောင်းဆရာတော်ရဲ့ မှတ်သားချက်အရ အရှေ့မဏ္ဍပက ကက္ကုသန္ဓဘုရား ဖြစ်ရင် အရှေ့တောင် မဏ္ဍပမှာ ကောဏာဂုမန၊ အနောက်တောင်ကဿပ၊ အနောက်မြောက် ဂေါတမ၊ အရှေ့မြောက် မေတ္တေယျ ဖြစ်စရာ ရှိပါတယ်။ အမည်မသိ ဒါယကာတစ်ဦးက ဓမ္မရာဇက ရုပ်ပွားတော်တစ်ဆူကို ၅ အောက်တို ၁၇၃၅ မှာ မွမ်းမံပြုပြင်ပါတယ်။ ဓမ္မရာဇက ဘုရားငါးဆူစလုံးကို ၅ အောက်တိုဘာ ၁၇၅၃ မှာ ဝတ်သိမ်းဘုန်းကြီးက မွမ်းမံ ပြင်ဆင်တယ်။ ၅၅၀ ဇာတ်ကွက်တချို့က (၁၃ ဧပြီ) ၁၈၉၁ က ဘာလင် လူမျိုးရိုးပြတိုက် အတွက် ဂျာမန်တစ်ဦး လာရောက်ခိုးယူတာကို အထက်က ပြောခဲ့ပါပြီ။ တရားခံမှာ ဒေါက်တာ ဖရစ်ဇွန်နွတ်တလင် (Dr. Fritz Von Noetling) ဖြစ်ပါတယ်။ (လုံ့စ် ၁၉၆၉၊ ၁၊ ၂၃၀။)

mgyoe.com

mgyoe.com


နဂါးရုံ

(၁၁၉၂/၅၃၀)အရှေ့ရွှေဥမင် သဃ်ရာဇာ မဟာမဟိန္ဒက ၂၈ ဖေဖော်ဝါရီလ ၁၆၆၉ မှာ ဆင်းတုတော် တစ်ဆူကို မွမ်းမံပြုပြင်တယ်။ သဃ်ရာဇာ မဟာမဟိန္ဒဟာ ပုဂံမှာ ဆင်းတုတော် ပျက်သမျှကို မွမ်းမံပြုပြင်ဖို့ အလွန်တမင်း အားသန်တယ်လို့လည်း သိရပါတယ်။

နဘဲတောဘုရား

(၃၅၉/ ၂၁၈) ဝက်ကြီးအင်း၊ နံရံတစ်ခုလုံးကို ထုံးသုတ်ပြီး ခေမာဝရသီလ မဟာထေရက (၁၇ ဧပြီ ၁၇၅၉)မှာ ဆင်ကြီးတစ်ကောင်ကို ရေးဆွဲသွားပါတယ်။

နန္ဒာ

(၂၁၇၁/၁၄၆၅) (အခု အာနန္ဒာ) ဘုရားနံရံကို ထုံးအကြိမ်ကြိမ်သုတ်ခဲ့လို့ ဘယ်သူတွေ ဘယ်တုန်းက ဘယ့်လောက်ကောင်းတဲ့ ရေးလက်ရာတွေကို ဘယ်လိုဖျက်ဆီးခဲ့တယ်ဆိုတာ မှတ်တမ်း မရတော့ပါ။ ဘုရားအပေါ်ဝါ ၁၆ ဇူလိုင် ၁၉၅၆ လျောင်မှာ ပြိုကျတော့ ငွေပြားစာတစ်ခု ထွက်လာတယ်။ အဲဒီ အခုပြုတ်ကျတဲ့ အပိုင်းဟာ ၂၂ မတ် ၁၈၃၉ က လျောင်မှာ ပြိုပျက်လို့ ထပ်လုပ်ရတယ်လို့ ဆိုတယ်။ ပုပ္ပားပရမဝဏ္ဏသိန္ဓိ ယူပြီး အသစ်မွမ်းမံတော့ ၁၉ ရာစုပုံစံကိုပဲ ယူမှာပေါ့၊ မူလပုံစံရအောင် ရှာပြီး လုပ်ကောင်းတယ်လို့ စဉ်းစားမယ် မထင်ပါဘူး။ (၁၆၅၇/၉၆၁) ပုဂံနဲ့ မင်းမျှော်ရာဇာ ဂူဘုရား (၁၉၁၅/၁၂၁၂) တောင်ဘီ၊ နှစ်ဆူကိုလည်း ပေါ့ပေါ့တန်တန်အဖြစ် လုပ်ပြီး အသစ်ကျပ်ချွတ် ဖြစ်သွားပြီလို့ ၁၇ ဇန်နဝါရီ ၁၉၆၅ မှာ ဂုဏ်ယူဝင့်ကြွားပြီး ကြေညာလိုက်ပါသေးတယ်။ ဂူဘုရား နံရံကို ထုံးဖွတ်တာ ပုဂံခေတ်နှောင်းကပဲ စခဲ့မယ် ထင်ပါတယ်။ ဒါပေမဲ့ ဒီအကျင့်ကို အင်အားအပြည့်နဲ့ ပြန်လည် ဖော်ထုတ်တာကတော့ ပဒုံမင်း ၁၇၈၂–၁၈၁၉ ဖြစ်တယ်။ ပုဂံပိဋကတိုက် (၁၅၈၇/၈၉၉)ကို မွမ်းမံ ပြင်ဆင်ရမယ်လို့ အမိန့်ထုတ်တယ်။ (သန်းထွန်း ၁၉၇၅–၅၈)၊ ပြီးတော့ (၁၈ အောက်တိုဘာ ၁၇၉၀)မှာ သဗ္ဗညု

mgyoe.com

mgyoe.com

(၁၅၉၇/ ၉၀၆က)ရှိ ဆင်းတုတော် အားလုံးကို မွမ်းမံ ပြင်ဆင်ရတယ်။ အဲဒီ အခါက နန္ဒာ (အာနန္ဒာ)လည်း မလွတ်နိုင်ပါ။ မုံရွေး ဇေတဝန်ဆရာတော် ရှင်အရိယဝံသအာဒိစ္စရံသီ ၁၇၆၆–၁၈၂၈ ရေးတဲ့ စေတိယကထာ မှာ (၂၉ မတ် ၁၈၀၉) ကွယ်လွန်သူ အိမ်ရှေ့မင်း ပုဂံကိုလာပြီး "ပုဂံလက်သစ်" လုပ်ရတယ်လို့ ပြောပါတယ်။ (အရိယ စာ ၅၃။) မတ်ရပ်ရုပ်ပွားတော် လေးဆူကိုလည်း အလီလီ မွမ်းမံခဲ့တယ်လို့ မြင်ရုံနဲ့ ပြောနိုင်ပါတယ်။ မြောက်ဘက် မတ်ရပ်တော်က ကကုသန္ဓစကား (Michelia Cham-Paca) နဲ့ လုပ်တယ်။ ၂၈ ပေမြင့်တယ်။ မျက်နှာတော်ကို ၁၉၀၆ ခုက မွမ်းမံတယ်။ သင်္ကန်းအတွန့်တွေလည်း အဲဒီအခါလောက်ကပဲ လုပ်မယ်ဆိုလည်း ဖြစ် ပါတယ်။ အရှေ့ဘက် ကောဏာဂမနဘုရားက မူရင်း စန္ဒကူးသား (Santalumalbum) ဖြစ်တယ်။ ပျက်စီးသွားလို့ အစားလုပ်တဲ့ ဒါယကာက ပုဂံဝန် ဦးပိုဖြစ်ပြီး ၁၈၆၇ က လုပ်ခဲ့တာဖြစ်တယ်။ ညောင်ဦး အရှေ့ပိုင်း ဦးဝက ၁၉၀၆ မှာ ဆင်းတုတော်ကို ရွှေချပြီး သင်္ကန်း အတွန့်အလိပ်တွေ တပ်ဆင်ပါတယ်။ တောင်ဘက် ကဿပဘုရားကို ထင်းရှူးသားနဲ့လုပ် တယ်။ မူလသစ်သားအတိုင်း ရှိတယ်၊ ဒါပေမဲ့ ရုပ်ထုတော်ကို နောက်ပိုင်း ပြင်ဆင်မွမ်းမံထားတာကို မြင်နိုင်ပါတယ်။ အနောက်ဘက် ဂေါတမဘုရား ကို မူလက ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ ပါတဲ့ ပဥ္စလောဟာနဲ့ သွန်းတယ်လို့ ပြောကြပေမဲ့ မူရင်းရုပ်ပွား မရှိတော့ပါ။ ဘယ်ကာလမှာ ဘာ့ကြောင့် ပျက်စီး တယ် မသိရပါ။ သစ်သားနဲ့ အစားထိုးထားပြီး (၁၃ ဧပြီ) ၁၈၉၂ က ပုဂံ မြို့မှ ကုန်သည် ဦးစံငြိမ်းက မွမ်းမံ ပြင်ဆင်ခဲ့ပါတယ်။

## နွားပြဂူ

(၁၄၉၈/ ၈၁၁) ပုဂံ၊ ပိဋကတ်တိုက် တောထွက် မိဖုရားဆရာ သိရိဉာဏက နံရံထုံးပွတ်ပြီး ဆင်းတုတော်တွေကို ၁၈ ဖေဖော်ဝါရီ ၁၆၂၆ မှာ မွမ်းမံပြင် ဆင်ပါတယ်။ မုခ်လေးမုခ်ခုံနဲ့ ဗုဒ္ဓရုပ်ပွားတော် လေးဆူကို ပလ္လင်ပါ ပဉာ ဒိပ္ပ မွမ်းမံပြုပြင်လို့ ၁၃ အောက်တိုဘာ ၁၈၂၀ မှာ ပြီးပါတယ်။

mgyoe.com

mgyoe.com



## ပိဋကတိုက်

(၁၅၈၇/၈၉၉) ပုဂံ တစ်ဆယ့်တစ်ရာစုနှစ်ဝက် အနော်ရထာလက်ထက်ဖြစ် အဆောက်အအုံ ဖြစ်ပေမဲ့ ပဒုံမင်း ၁၇၈၂–၁၈၁၉ အမိန့်နဲ့ (၁၁ ဧပြီ ၁၇၈၄)မှာ မွမ်းမံ ပြင်ဆင်တဲ့အထဲ ပါမယ်ထင်ပါတယ်။ (သန်းထွန်း ၁၉၇၅၊ ၅၈။)

## ပဲန့်သာဂူ

(၁၄၈၁/၇၉၄) ပုဂံ အသင်္ခယာ အမတ်ကတော်က မျက်နှာကြက်မှာ ဘုရားခြေတော်ရာ (အစုံ)ကို ၁၃ နိုဝင်ဘာ ၁၂၆၀ မှာ ရေးဆွဲစေတယ်လို့ မင်စာရှိပါတယ်။ မင်စာထဲမှာ ဒါယိကာမက သူ့မှာ သား ဣဒပစ္စယာ၊ သမီး ဧယျပကြံမယားနဲ့ ဂင်္ပကြံမယား ပေါင်း သုံးယောက်နဲ့ မြေး ဝေန်သနဲ့ ငညောင်သင် ရှိတယ်။ အမတ် အသင်္ခယာက ရှမ်းညီနောင်သုံးယောက်ထဲက အသင်္ခယာ မဟုတ်ပါ။ ဒါပေမဲ့ သား ဣဒပစ္စယာကတော့ မောင်ဂိုအရေးတော်မှာ ငဆောင်ချံမြို့မှာ တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ်။

## ဖက်လိပ် ၁ နဲ့ ၂

(၁၀၃၀/၄၂၀၊ ၁၀၃၁/၄၂၁) သရိ၊ တစ်ဆယ့်တစ်ရာစု နှစ်ဝက်ကစေတီတွေဖြစ်မယ် ထင်ပါတယ်။ ဒါပေမဲ့ (**ASI** အိန်ရှေးချုပ် ၁၉၀၆–၇၊ စာ ၃၈–၃၉) တူးဖော်စဉ်က မြေအောက်မှာ အနော်ရထာခေတ်ထက်စောတဲ့ အုတ်ခုံရှိသေးတယ်လို့ ပြောပါတယ်။

## ပုဂံမြို့ရိုး

ပုဂံမြို့ရိုးကို ပုဂံမြို့တည်စဉ် ခရစ်နှစ် ၈၄၉ ကပဲ တည်ဆောက်ခဲ့မယ် ထင်ရပေမဲ့ မကြာခင်က တူးဖော်ကြည့်တဲ့အခါ အဲဒီလိုမဟုတ်ကြောင်း တွေ့ရပါတယ်။ သရပါတံခါး (၂၁၇၂/၁၄၆၆) ဆိုတာကတော့ မြို့နဲ့ ခေတ်ပြိုင်ဖြစ်နိုင်ပေမဲ့ အခုကျန်နေတဲ့ အုတ်ပေါက်က နောက်မှ ထုထည်ကြီးမား ခိုင်ခံ့အောင် လုပ်တဲ့သဘော ဖြစ်မလား မသိသေးပါ။ ရာဇဝင်ကျမ်းတွေထဲမှာ တွေ့ရတာကတော့ မြို့ဟာ မြေပြင်ထက် နည်းနည်း

mgyoe.com

mgyoe.com

မြင့်တဲ့ ကုန်းပေါ်မှာရှိလို့ (အနေအထားကောင်းပေမဲ့) ဧရိယာအဝန်း သေးလွန်းတယ်။ အင်အားကောင်းတဲ့ ရန်သူကို ခံစစ်လုပ်ဖို့ လက်နက်ကိုင် လူအများကြီး စုထည့်ထားစရာ နေရာမရနိုင်လို့ ဆိုလိုပါတယ်။ တကယ် ကလည်း ငဆောင်ချမ်းကျတဲ့ ၃ ဒီဇင်ဘာ ၁၂၈၃၊ ကောင်းစင်ကျတဲ့ ၉ ဒီဇင်ဘာ ၁၂၈၃ ထိ ငဆောင်ချမ်း ကောင်းစင်နဲ့ ပုဂံကြားမှာ ဘာခံတပ် မှ ပြောပစရာ မရှိဘူး။ နောင် တရုတ်ပြေးလို့ အခေါ်ခံရမယ့် နရသီဟပတေ့က ဘုရားတွေ ဖျက်ထားတဲ့အုတ်နဲ့ ခံတပ်ခိုင်ခိုင် ဆောက်မယ် ဆုံးဖြတ်တယ်။ အုတ်လိုသလောက်ရအောင် ၁၂၈၄ မှာ ခပ်မြန်မြန် စီစဉ်ရတော့ ပျူအုတ်လို့ ထင်စရာရှိတဲ့ လက်ညှိုးနဲ့ အရေးအကြောင်း ဆွဲထားတဲ့အုတ်တွေလည်း ပါလာတယ်။ ပုဂံမှာ ပျူတွေ တည်ထားခဲ့တဲ့ ဘုရားတွေ ရှိတယ်လို့ ပြောစရာ သက်သေခံပစ္စည်း ဒါလောက်နဲ့တော့ ပြောမဖြစ်ဘူးဆိုတာ သိပါတယ်။ ရှင်ဘုရင်အမိန့်နဲ့ ကာကွယ်ရေးအတွက် ဘုရားအုတ်ကို ယူတယ်ဆိုတာ ဒီတစ်ခါပဲ တွေ့တယ်။

## ပုဂံမင်စာ

ပုဂံမင်စာတွေကို ကူးယူဖို့ ရှေးဟောင်းသုတေသနဌာနက ၂၄ ဇွန် ၁၉၅၈ မှာ စတင်ဆောင်ရွက်ပါတယ်။ မြန်မာသမိုင်းကော်မရှင်ကလည်း ၇ ဖေဖော်ဝါရီ ၁၉၆၂ မှာ မင်စာကို လက်ရေးနဲ့လည်း ကူးတယ်၊ ဓာတ်ပုံ လည်း ရိုက်ယူတယ်။ ဓာတ်ပုံရိုက်တဲ့အခါ စာပိုပြီးထင်အောင် ဂလီစရင် (Glycerine) သုတ်တယ်။ ဒီဆီမှာ အချိုဓာတ်ပါလို့ ပုရွက် လာစားတယ်။ အချိုရည်နဲ့အတူ စာပါ ပျောက်သွားလို့ အမှတ်မထင် ပြစ်မှုတစ်ခုကို လုပ်မိ သလို ဖြစ်ပါတယ်။ နောက် ဓာတ်ပုံကော်ပြားကိုလည်း ပုံကြီးချဲ့ပြီး ကူးထားဖို့ လုပ်ငန်းကို ဆက်ပြီး ဖြစ်မြောက်အောင် မလုပ်သေးလို့ အခုထိ သုံးမရပါ။ အဲဒါကြောင့် ဓာတ်ပုံကို အားမကိုးရဘဲ ရှေးဟောင်းသုတေသနဌာနမှာရှိတဲ့ လက်ရေးမူပဲ အသုံးချရပါတယ်။ နောက်တစ်ကြိမ် ပြန်ကူးကြဖို့ လုံးဝ မဖြစ် တော့ပါ။ ၈ ဇူလိုင် ၁၉၇၅ ငလျင်မှာ ဂူနံရံ အင်္ဂတေတွေ ကွာကျတဲ့အတွက် အများစုဟာ ပျောက်ဆုံးသွားပါပြီ။

mgyoe.com

mgyoe.com


ပုဂံ ဂူဘုရားစေတီဆင်းတု

ပုဂံ ဂူဘုရားစေတီဆင်းတု ရှိသမျှကို မင်းနန်သူဆရာ သဃ်ရာဇာ မဟာမဟိန္ဒက တာဝန်ကြီးတစ်ရပ်အနေနဲ့ ရှာဖွေပြီး လိုအပ်သလို မွမ်းမံ ပြင်ဆင်သွားပါတယ်။ ၂၈ ဖေဖော်ဝါရီ ၁၆၇၃၉ ဝန်းကျင်က ဖြစ်ပါတယ်။

ဘုရား

(၁၉၃၆/၁၂၃၂) တိုင်ချွတ်စေတီမြောက် ၂၂ စက်တင်ဘာ ၁၃၆၁ နေ့စွဲနဲ့စာမှာ–

သျှံရှော့ပွ် သို္ခင်ငီလာသော
(၇၂၃) သန္တုလ(ဆု)တ် ၈ ရျက်
ပုတ္တ်ဟူနိယ် (ရော)က် ဇော်။
သောက္ကာနိယ်ဆုတ် ဇော်
....လိုယ်ကာ (အုစ္စာ) ရောက် ဇော်။
။ သျှံက (ရ)ပ် ဇော်

ဒီစာရဲ့သဘောလောက်ပဲ မှန်းဆရသမျှ ပြောပြရင် သခင်ညီ ၂၂ စက်တင်ဘာ ၁၃၆၁ မှာ ပုဂံကိုရောက်လာပြီး ရှမ်းတွေ ချီတက်လာပြီလို့ အကြောင်းကြား တယ်။ ၂၄ စက်တင်ဘာ ၁၃၆၁ မှာ မင်းပရိသတ် ပုဂံကထွက်တယ်။ ရှမ်း တပ်ဦးရောက်လာပြီး ပုဂံမှာပဲ ရှမ်းတွေ တပ်စွဲနေထိုင်တယ်။ အဲဒီအခါ ဘုရား ဌာပနာဖောက်ကြတော့မှာပဲလို့ အထူးကြံဆစရာမလိုဘဲ သိလောက်ပါတယ်။

ဘုရား

| | |
|---|---|
| ၃၁၅/၂၀၁ | ဝက်ကြီးအင်း၊ လောကနာထ |
| ၁၁၁၅/၄၇၇ | သရီ |
| ၁၈၂၆/၁၁၂၄ | တောင်ဘီ အရှေ့တောင် |
| ၁၈၄၃/၁၁၄၀ | တောင်ဘီ အရှေ့ |
| ၁၈၄၄/၁၁၄၁ | တောင်ဘီ အရှေ့ |
| ၁၈၄၅/၁၁၄၂ | တောင်ဘီ အရှေ့ |

mgyoe.com

mgyoe.com

၁၈၄၇/၁၁၄၄ တောင်ဘီ အရှေ့
၂၁၀၀/၁၃၉၅ တောင်ဘီ အရှေ့
၂၁၅၁/၁၄၄၅ တောင်ဘီ အရှေ့
၂၁၅၇/၁၄၅၁ တောင်ဘီ အရှေ့

အခုစာရင်းပါ ဂူဘုရားကျောင်းတွေရဲ့ နံရံမှာ ရွှေဥမင် သဃ်ရာဇ မဟာမဟိန္ဒ ဦးဆောင်ပြီး ပုဂံတစ်ပြည်လုံး ဘုရားဆင်းတုတော်မှန်သမျှကို မွမ်းမံပြီးစီးလို့ ၂၈ ဖေဖော်ဝါရီ ၁၆၃၉ မှာ ပွဲကြီးခံတယ်။ ပါဝင်သူတွေဟာ ငါတို့ကြောင့် ရှေးလက်ရာတွေ ပျက်စီးကုန်ပါပြီလားလို့ ဘယ်သူမှ ဂရုစိုက် မယ် မဟုတ်ပါ။

ဘုရား

၂၁၀၂/၁၃၉၇ နဲ့ ၂၁၅၇/၁၄၅၁ တောင်ဘီအရှေ့ ခေမင်္ဂဝရသီလ မဟာထေရကလည်း အုပ်စုတစ်စုကို ဦးဆောင်ပြီး ပုဂံဆင်းတုတော်တွေကို မွမ်းမံပြင်ဆင်တာ ၂၈ မတ် ၁၄၄၈ မှာ ပြီးစီးအောင်မြင်တယ်လို့ မင်စာ မှတ်တမ်းရေးသားခဲ့ပါတယ်။

ဘုရား

၁၄၈/၁၁၈ သကျမုနိ၊ နတ်သမီးကမ်းပါး၊ ညောင်ဦးမှာ ခေမာဝရ သီလက ၁၇ ဧပြီ ၁၇၅၉ မှာ ဆင်းတုတစ်ဆူကို မွမ်းမံပြင်ဆင်ပါတယ်။

ဘုရား

၂၁၀၀/၁၃၉၅ တောင်ဘီအရှေ့ ဥပါလိသိမ် အရှေ့မြောက်မှာ ပုပ္ပားရာမကျောင်း စူဠထေရ်က ဆင်းတုတော်တစ်ဆူကို ၆ မတ် ၁၇၆၉ မှာ မွမ်းမံပြင်ဆင်ပါတယ်။

ဘူး

၁၆၅၇/၉၆၁ ပုဂံ ၁၆ ဇူလိုင် ၁၉၅၆ လျောင်တွင် လုံး၀ ပြိုပျက်လို့ ပရမ၀ဏ္ဏသိဒ္ဓိက ၁၇ ဇန်နဝါရီ ၁၉၆၅ မှာ သူကြိုက်သလို အသစ် ပြန်တည် ပါတယ်။ ၈ ဇူလိုင် ၁၉၇၅ လျောင်မှာ လုံး၀ ပြိုပြန်တော့ အရင်ပုဂ္ဂိုလ်ကပဲ

mgyoe.com

mgyoe.com


အရင်ကလိုပဲ မူရင်းအတိုင်း ပြန်လည်တည်ဆောက်ဖို့ လုံး၀ ဂရုမစိုက်ဘဲ ထပ်ပြီး တည်ဆောက်တယ်။ သေးမယ် စောမယ် ပျူလက်ရာဖြစ်မယ်ဆိုရင် ဗောဗောကြီး အသေးစားလေးဖြစ်ဖို့ ရှိပါတယ်။

မဟာဂူ

၁၄၅၇/၇၇၀ မြင်းကပါ ပိဋကစိုး တောထွက် မိဖုရားဆရာ သိရိ ဉာဏက ၁၈ ဖေဖော်ဝါရီ ၁၆၂၆ ဂူနံရံမှာ ဘုရားငါးကျိပ် ရုပ်ပွားတော်တွေကို ဆေးရေးဆွဲခဲ့တယ်။ ဂူထဲမှာ ၂၈ ဖေဖော်ဝါရီ ၁၆၃၉ လောက်က မဟာ မဟိန္ဒဆရာတော်က ပုဂံပြည်လုံး ဆင်းတုတော်တွေ မွမ်းမံပြင်ဆင်တယ်လို့ မင်စာ ရေးခဲ့တယ်။

မဟာဗောဓိ

